ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## တောင်ခြေရင်းကျေးရွာ ၊ မော်ခါးအုပ်စု

၂၀၁၇ ခုနှစ် ပင်လည်ဘူးမြို့

## မာတိကာ

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ ....................................................................................................2

၂။ မော်ခါးအုပ်စုမြေပုံ ....................................................................................................3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ ....................................................................................................4

၄။ ကျေးရွာအခြေခံအချက်အလက်များ ....................................................................................................4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ....................6

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ....................................................................................................8

....................................................................................................25

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ....................27

၈။ ကော်မတီဝင်များစာရင်း ....................................................................................................31

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက် ....................................................................................................32

၁၀။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ....................................................................................................35

၁၁။ ပုံစံ စ-၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ ....................................................................................................37

၁၂။ပုံစံ -စ-၄ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ ....................................................................................................39


၁၃။ အစည်းအဝေး မှတ်တမ်းများ ....................................................................................................40

၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ် ........44


## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်

ပင်လည်ဘူးမြို့နယ် UTM မြေပုံ



## ၂။ မော်ခါးအုပ်စုမြေပုံ



မော်ခါးကျေးရွာအုပ်စု
မြ
တောင်ခြေရှင်း
မံပင်
တံပေါက်တော
ခဲတွင်း
သာယာကုန်း
မော်ကြီး
မော်ခါး
ရှင်ဖာ
ရည်ညွှန်းချက်
ကျေးရွာအုပ်စု
ကျေးရွာ
ချောင်း
ကားလမ်း
အုပ်စုနယ်နိမိတ်
မြို့နယ်နိမိတ်

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

မော်ခါးကျေးရွာအုပ်စုတွင် တောင်ခြေရင်း၊ ကန်ပေါက်တာ၊ အောင်ချမ်းသာ၊ မုန်ပင်၊ မော်ကြီး၊ ခဲတွင်း (၆) ရွာ ဖြစ်ပါသည်။ကဒူးတိုင်းရင်းသားလူမျိုးများ ဖြစ်ကြပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ကျေးရွာသမိုင်းအကျဉ်း

စစ်ကိုင်းတိုင်းဒေသကြီး ၊ ကသာခရိုင် ၊ ပင်လည်ဘူးမြို့နယ်၊ မော်ခါးအုပ်စု ၊ တောင်ခြေရင်း ကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်ခန့်က စတင်ကာ ကဒူးလူမျိုးများ စုပေါင်း နေထိုင် ခဲ့ကြ၏။ လေသာတောင်ခြေတွင်နေထိုင်ရန် ရွှေမှူးထံခွင့်တောင်း၍ အိမ်ထောင်စု ၆စုလောက်သာနေထိုင်ခဲ့ကြပြီး လယ်ယာမြေ ခုတ်ထွင်၍ စိုက်ပျိုးနေထိုင်ရာ ယခုထိဖြစ်ပါသည် ။ နောင်တွင် ရွာနာမည်ကို တောင်ခြေတွင် နေထိုင်၍ တောင်ခြေရွာဟု သတ်မှတ်ခေါ်တွင်ကြပါသည်။ ယခုအခါတွင် တောင်ခြေရင်းကျေးရွာတွင် အိမ်ထောင်စု၂၃အိမ်ရှိနေပြီး လူဦးရေကျား-၇၀ ၊မ-၆၇ ထိရှိ၍ လယ်ယာမြေစိုက်ပျိုးကာ နေထိုင်ကြပါသည်။ မွေးမြူရေးအတွက် ကျွဲ၊နွား ၊ကြက် ၊ဝက် မွေးမြူ၍ သောက်သုံးရေအနေဖြင့် စိမ့်စမ်းရေ သုံးစွဲပြီး နေထိုင်ကြပါသည်။ ပညာရေးအနေဖြင့် မူလတန်း ကျောင်းဖြင့် ပညာသင်ကြားနေပြီး ကျန်းမာရေးအနေဖြင့် စောင့်ရှောက်မှု အနည်းငယ်သာရှိပြီး စုပေါင်း ညီညွတ်စွာ နေထိုင်လျက်ရှိပါသည်။ ရွာတည်စတွင် အိမ်ခြေအနည်းငယ် သာရှိခဲ့ပါသည်။ တောင်ခြေရင်း ကျေးရွာအဖြစ် ရွာတည်ကာ စုပေါင်းနေထိုင်ကြပါသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းများ အဓိကထား၍ လုပ်ကိုင်ကြ၍ ပဲ၊ ကြက်သွန်နှင့် တောင်ယာများ စိုက်ပျိုးကြသည်။ မွေးမြူရေးအနေဖြင့် ကြက်၊ ဝက်၊ နွား၊ ကျွဲစသည်ဖြင့် မွေးမြူကြသည် ဘာသာ သာသနာ ထွန်းကား၍ ဘုန်းတော်ကြီးကျောင်းနှင့် ရေးဟောင်း စေတီများလည်း တည်ထားကိုးကွယ် တည်ရှိနေပါသည်။ ပညာရေးအနေဖြင့် မူလတန်းကျောင်းတွင် လက်ရှိသင်ကြားနေပြီး ပညာတတ် များပေါ်ထွန်းရေးကို ကြိုးစားနေပါသည်။ ပညာရေးကို ဦးစားပေးသောကျေးရွာလေးဖြစ်ပါသည်။ အိမ်များသည်ခြေတန်ရှည်အိမ်များဖြစ်ပြီးအိမ်အမိုးအကာမှာလည်းသက်ငယ်/သွပ်မိုးကိုသာသုံးကြသည်။ရွာသား/ကျေးရွာသူများ ၊ ရပ်မိရပ်ဖများအနေဖြင့် မော်လင်ကျေးရွာကို ဖွံ့ဖြိုးတိုးတက်အောင် တိုင်ပင်ဆွေးနွေး ကြိုးစားဆောင်ရွက်နေကြပါသည်။

### ၂။ ထူးခြားဖြစ်စဉ်-

**၂၀၁၅ ခုနှစ် ရေလွှမ်းခြင်းဖြစ်ပေါ်၍ စပါးခင်းလယ်ကွက်များပျက်စီးခြင်း ဖြစ်ပါသည်။**

**၂၀၁၃ ခုနှစ် ကျွဲ ၊ နွား များ ရောဂါဖြစ်ပွားခြင်း / သေဆုံးခြင်း ဖြစ်ပေါ်ပါသည်။**

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ကဒူး | ၂၄ | ၇၁ | ၆၉ | ၁၄၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၇ | ၄ | ၅ | ၉ |
| မြေယာမဲ့ | | | | |
| မသန်စွမ်း | ၁ | | ၁ | ၁ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကျွဲ (တပိုင်တနိုင်) | ဈေးအရောင်းအဝယ် | |
| မြေပဲ | နွား (တပိုင်တနိုင်) | | |
| ကြက်သွန် | ဝက် (တပိုင်တနိုင်) | | |
| | ကြက် (တပိုင်တနိုင်) | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၆ ဧက | ၂၀ ဧက | ၃၀ -ဧက | ရှိ | - / ၁ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | - | - | ၂ | - | ၆ | ၂ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၁ | ၁၈ | ၁၈ | ၅၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၂၂ | ၁၂ | ၃ | ၂၀ | |

၆။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | | ၁ ၊ - | - | ၃ | ၂၀ | - | |
| | | | | | | | |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၇.၂.၂၀၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါး၊အလွန်နွမ်းပါးအုပ်စများ | ၂၀ | ၂၃ | ၄၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၇.၂.၂၀၁၉ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၀ | ၂၃ | ၄၃ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊သယံဇာတပြမြေပုံ (Social Map/Resource Map) | ၇.၂.၂၀၁၉ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၁၀ | ၁၀ | ၂၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၈.၂.၂၀၁၉ | အမျိုးသားများကော်မတီဝင်များ | ၈ | - | ၈ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ပြဿနာသစ်ပင် ( Problem Tree) | ၈.၂.၂၀၁၉ | အမျိုးသမီးများ | - | ၈ | ၈ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၆.၂.၂၀၁၇ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ရပ်မိရပ်ဖအုပ်စု | ၂၂ | ၂၄ | ၄၆ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ်မူတည်၍ ဆုံးဖြတ်သည်။ |
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၇.၂.၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီ/ထောက်အဖွဲ့ | ၂၀ | ၂၃ | ၄၃ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၈ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၆.၂.၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၈ | ၈ | ၁၆ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၉ | ကျားမရေးရာခွဲခြမ်းစိတ်ဖြာခြင်း | ၇.၂.၂၀၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၈ | ၈ | ၁၆ | အမျိုးသားနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်းအရင်းများ |
| ၁၀ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map | ၆.၂.၂၀၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ကျေးရွာလူထု | ၈ | ၈ | ၁၆ | နောင်တစ်ချိန်တွင် ကျေးရွာတွင်ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)**

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ-** ပျဉ်ကာ၊ပဉ်ခင်း၊၄-ပင်ပတ်လည် သွပ်မိုး။<br>**မြေယာပိုင်ဆိုင်မှု-** ၄ ဧက<br>ကျွဲ-၆၊ နွား-၅<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ ထွန်စက်။ | ၁ | ၄% |
| အလယ်အလတ် | **အိမ်အခြေအနေ-** ၃ပင်.၄ပင်အကျယ် သက်ကယ်မိုး၊ထရံကာ၊ပျဉ်ခင်း။<br>**မြေယာပိုင်ဆိုင်မှု-** ၂ဧက<br>**ကျွဲ-၃၊ နွား-၂**<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ | ၁၄ | ၅၇% |
| နွမ်းပါး | **အိမ်အခြေအနေ-** ၃ပင်-၄ပင် သက်ကယ်မိုး၊ထရံကာ၊ကြမ်းခင်း<br>**မြေယာပိုင်ဆိုင်မှု- .၅၀ဧက**<br>**ကျွဲ၊ နွား- မရှိ**<br>**အခြားပိုင်ဆိုင်မှု** -မရှိ | ၆ | ၂၆% |
| အလွန်နွမ်းပါး | **အိမ်အခြေအနေ-** ၃ပင်-၄ပင်။သက်ကယ်မိုး၊ဝါးခင်း၊ဝါးထရံကာ<br>**မြေယာပိုင်ဆိုင်မှု-** မရှိ<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** မရှိ။ | ၃ | ၁၃% |
| **စုစုပေါင်း** | | ၂၄ | ၁၀၀ |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

တောင်ခြေရင်းကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး၊စိုက်ပျိုးရေးအခြေအနေများ သိရှိနိုင်ရန် ရာသီဥတု၊ စိုက်ပျိုးရေး၊မွေးမြူရေး၊နေ့စားလုပ်ငန်း၊ဂမ်းစာဖူလုံမှု၊သဘာဂဘေးအန္တရာယ်၊ အလုပ်သမားရှားပါးမှု၊ပွဲတော်များ ပါဂင်သော ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲပြီး ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်

ရာသီဥတု-တပေါင်းလမှ စ၍ နယုန်လအထိ နွေရာသီဖြစ်ပါသည်။ နယုန်လ လယ် မှ စ၍ သီတင်းကျွတ်လပြည့်နေ့ထိ လအထိ မိုးရာသီ ဖြစ်ပါသည်။ သီတင်းကျွတ်လ မှ စတင်၍ တပိုတွဲလ လယ်အထိ ဆောင်းရာသီ ဖြစ်ပါသည်။ နွေရာသီတွင် အေးစိမ့်သောလေများတိုက်၍ အေးပါသည်။ မိုးရာသီတွင် တောင်ကျချောင်းရေများ ရေများတတ်ပါသည်။ ဆောင်းရာသီတွင် မြူနှင်းများဆိုင်း၍ အလွန်အေးပါသည်။တန်ခူးလတွင်ဟင်းသီးဟင်းရွက်များစိုက်ပျိုးကြပြီးနယုန်လတွင် စပါးစိုက်ပျိုးရန် ပျိုးထောင်ကြပြီး ဝါခိုလတွင် ကောက်စိုက်ကြပါသည်။ နတ်တော်လမှတပို့တွဲလအထိကြက်သွန်၊ မြေပဲတို့ကိုစိုက်ပျိုးကြ ပါသည်။အခြားသီးနှံများလည်း စိုက်ပျိုးပါသည်။ကြက်၊ ဂက်၊ ကျွဲ၊ နွားတို့ကို ရာသီမရွေး တပိုင်တနိုင် မွေးမြူကြပါသည်။ တစ်အုပ်တစ်မ စီးပွားဖြစ်မွေးမြူသူများ မရှိပါ။လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ မြေပဲ၊ ကြက်သွန်များ စိုက်ပျိုးချိန်၊ သိမ်းဆည်းချိန်များတွင် နေ့စားလုပ်ငန်းများ လုပ်ကိုင်ကြသည်။ အခြားအချိန်များတွင် ပြင်ပထွက်၍ငွေရှာရပါသည်။ဂါဆို၊ ဂါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ရေကြီးခြင်း မကြာခဏ ဖြစ်ပွားသည်။ တောင်ကျချောင်းရေများလာပါက လယ်မြေများ ရေလွှမ်းပျက်စီးတတ်ပါသည်။တန်ဆောင်မုန်းလမှဂါခေါင်လအထိ ဂမ်းစာဖူလုံမှုရှိပြီး တော်သလင်း၊ သီတင်းကျွတ်လများတွင် ဂမ်းစာဖူလုံမှု မရှိပါ။ ကျေးရွာရှိ အိမ်ထောင်စုများမှာ ဂမ်းစာဖူလုံမှု မရှိကြပါ။လယ်ယာစိုက်ပျိုးချိန်၊ရိတ်သိမ်းချိန်၊မြေပဲစိုက်ပျိုးချိန်၊သိမ်းဆည်းချိန် များတွင်လုပ်သား ရှားပါးပါသည်။ အခြားအချိန်များတွင် အခြားဒေသများသို့ သွားရောက်ကာ ဂင်ငွေရှာသွားရပါသည်။ လရာသီအလိုက်ပွဲတော်များရှိပါသည်။ကဒူးတိုင်းရင်းသား ရွာများရှိဘုန်းတော်ကြီးကျောင်းသို့အချင်းချင်း သွားရောက်ကာ ကန်တော့လေ့ရှိပါသည်။တိုင်းရင်းသား ပွဲတော်များလည်းရှိပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

တောင်ခြေရင်းကျေးရွာတွင် အိမ်ခြေ (၅၃) အိမ်ရှိပြီး စီးပွားအဆင့်(၄)ဆင့် ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ ၄င်းအဆင့်များမှာ (၁) ချမ်းသာ၊ (၂) အလယ်အလတ်၊ (၃) နွမ်းပါး၊(၄) အလွန်နွမ်းပါးအဆင့်တို့ဖြစ်ပြီး လူတန်းစား(၄)မျိုးလုံး ကျေးရွာတွင်ပျံ့နှံ့၍နေထိုင်ကြကြောင်း ဆွေးနွေးခဲ့ကြသည်။

**သုံးသပ်ချက်**

စီပွားရေးအဆင့် (၄)(ချမ်းသာအဆင့်၊အလယ်အလတ်အဆင့်၊နွမ်းပါး၊အလွန်နွမ်းပါး) မျိုးရှိပြီး ကျေးရွာများတွင် ကဒူးလူမျိုး စုစည်းစွာနေထိုင်ကြပါသည်။ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ချောင်းကူးတံတားများ မရှိသောကြောင့် မိုးတွင်းကာလတွင် သွာလာရေး လွန်စွာခက်ခဲပါသည်။ ပင်လည်ဘူးမြို့နှင့် မိုင်၃၂မိုင်ဝေးကွာပါသည်။ တောင်ပေါ်လမ်းများဖြစ်ပြီး နွေရာသီတွင် အနည်းငယ် သွားလာရလွယ်ကူပါသည်။မှန်ပင်ကျေးရွာတွင် ဆေးပေးခန်း ရှိပါသည်။ တောင်ခြေရင်းကျေးရွာမှ ၅ မိုင်ခန့် ဝေးကွာသောကြောင့် ကျန်းမာရေးအတွက် ခက်ခဲပါသည်။ ကျေးရွာတွင် ဆေးဝါးကျွမ်းကျင်သူမရှိပါ။ ဆေးပေးခန်းတွင်လည်း တစ်ခါတစ်ရံ ကျန်းမာရေးအတွက်ကိုက်ညီသော ဆေးဝါးမရှိခြင်း ကြုံတွေ့ရပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုလုံလောက်စွာ မရရှိပါ။ရွာ၏အရှေ့ပိုင်းတွင် စိမ့်စမ်းရေသွယ်ရေကန်ရှိပါသည်။ ရွာအနောက်ပိုင်းမိသားစုများ အတွက်ရေကန်နှင့် အလှမ်းဝေးသောကြောင့် ရေသယ်ရန် ခက်ခဲပါသည်။ သုံးရေအတွက် ရွာဘေးမှ ဖြတ်စီးသွားသော ချောင်းမှရေကို အသုံးပြုကြရပါသည်။ နွေရာသီတွင် အသုံးပြုရလွယ်ကူပါသည် ။ရွာ၏အရှေ့မြောက်ဘက်တွင် ဘုန်းတော်ကြီးကျောင်း၊ ရွာအနောက်ဘက်တွင် ဆရာမနေအိမ်များ နှင့် စာသင်ကျောင်း တို့ရှိ ပါသည်။ ရွာအရှေ့တွင် ရှေးဟောင်းစေတီ တစ်ဆူရှိပါသည်။ဗုဒ္ဓဘာသာနယ်မြေဖြစ်ပါသည်။

## ၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်



**ဆွေးနွေးချက်**


တောင်ခြေရင်းကျေးရွာသည်သဘာဝပတ်ဝန်းကျင်အရင်းအမြစ်အပေါ် မှီခိုနေရသော ကျေးရွာလေး ဖြစ်ပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း ၊စာသင်ကျောင်း တို့ရှိ ပါသည်။ ရွာ၏ပတ်ဝန်းကျင်တွင် လယ်ကွင်းများ ၊သစ်တောများရှိပါသည်။ထိုသစ်တောများမှထင်းနှင့်ဝါးများ ကိုလည်းထုတ်ယူသုံးစွဲ နိုင်ပါသည်။ လယ်မြေများတွင် စပါး၊နှမ်းများလည်းစိုက်ပျိုးလုပ်ကိုင်ကြပါသည်။

**သုံးသပ်ချက်**

**ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ** ရွာ၏ထိပ်မှရွာဘေးသို့စီးဆင်းသွားသော ချောင်းရှိပြီး လယ်/ယာစိုက်ပျိုးရေးအတွက် ရေကို ချောင်းအတွင်း ကိုယ်ထူကိုယ်ထ သစ်လုံးဆည် တည်ဆောက်ပြီး ၄င်းဆည်မှ တူးမြောင်းဖြင့် ရေသွင်းစိုက်ပျိုးကြသည်။ အရှေ့ဘက်တွင် လယ်ကွင်းများရှိပြီး တောင်ဘက်နှင့်မြောက်ဘက်တွင် တောင်တန်းများ ဝန်းရံထားပြီး နှင့်အနောက်ဘက်တွင် လယ်ကွင်းများရှိပါသည်။ စာကျက်မြေများလည်းရှိပြီး လယ်မြေများတွင်မိုးရာသီတွင် စပါး၊ နွေရာသီတွင် မြေပဲ၊ ကြက်သွန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ ကျွဲ၊နွား၊ကြက်၊ဝက် များလည်း တပိုင်တနိုင်မွေးမြူကြ သည်။ စိုက်ပျိုးရေးနည်းပညာများမသိခြင်း၊ အချို့တွင် မိုးရေဖြင့်သာစိုက်ပျိုးရခြင်း ၊မျိုးကောင်းမျိုးသန့်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲသောကြောင့် စီးပွားရေး၊ ပညာရေး အားနည်းပါသည်။ စနစ်ကျသော မွေးမြူနည်းမသိခြင်းကြောင့် ဓလေ့မွေးမြူနည်းဖြင့်သာ မွေးမြူကြပါသည်။

**အရင်းအမြစ်နှင့်ဆက်စပ်သောပြဿနာများ-** စိုက်ပျိုးရေးအတွက် ဆည်ရေသွင်းဖြစ်သော်လည်း ရာသီဥတုမမှန်ပါက သီးနှံဖြစ်ထွန်းမှု နည်းပါးပါသည်။ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် မရှိသဖြင့် အထွက်နှုန်းလျော့ပြီး အကြွေးတင်မှုများ ရှိလာပါသည်။ မိုးတွင်းကာလတွင် ချောင်းရေကြီးလျှင် စပါးခင်းများ ရေလွှမ်းတတ်ပါသည်။ အရင်းအမြစ်များကို မှန်ကန်စွာ အသုံးချတတ်မှုအားနည်းခြင်းများ ရှိနေပါသည်။ အရင်းအမြစ်များ အသုံးချရန် လိုအပ်သော နည်းပညာ စက်အကူအညီများ လိုအပ်နေပါသည်။

၅။ အမျိုးသားများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း




**ဆွေးနွေးခြင်း**

ပြဿနာသစ်ပင်ခွဲခြမ်းစိတ်ဖြာခြင်းကို အသုံးပြု၍ ကျေးရွာတွင် ကြုံတွေ့နေရသော အခက်အခဲများ၏ အကြောင်းအရင်းများ၊ အကျိုးဆက်များနှင့်ဖြေရှင်းနည်းလမ်းများ သိရှိနိုင်ရန်အတွက် ဆွေးနွေးခဲ့ပါသည်။

**သုံးသပ်ခြင်း**

ပြဿနာသစ်ပင်ခွဲခြမ်းစိတ်ဖြာခြင်းအားဖြင့် ကြုံတွေ့နေရသော အခက်အခဲများ၏ အကြောင်းအရင်းများ၊ အကျိုးဆက်များကို သိရှိလာပြီး ထိုအကြောင်းအရင်းများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများလည်း သိရှိလာခဲ့ပါသည်။ဖြေရှင်းနည်းလမ်းများထဲမှ အမှန်တကယ်အကျိုးရှိပြီး ပြဿနာအခက်အခဲကို အများဆုံးပြေလည်လာနိုင်မည့် ဖြေရှင်းနည်းလမ်းများကို မှန်မှန်ကန်ကန် ရွေးချယ်လာနိုင်ခဲ့သည်ကို တွေ့ရပါသည်။

## ၆။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)




## ဆွေးနွေးချက်

တောင်ခြေရင်း ကျေးရွာအနေဖြင့် အခက်အခဲများကို ပြဿနာသစ်ပင်ဖြင့် ခွဲခြမ်းစိတ်ဖြာပြီး ထွက်ပေါ်လာသော ဖြေရှင်းနည်းလမ်းများထဲမှ ရပ်ရွာအတွက် အမှန်တကယ် လိုအပ်ပြီး အမှန်တကယ် အကျိုးရှိမည့် လုပ်ငန်းခွဲ များရွေးချယ်နိုင်ရန် ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်

တောင်ခြေရင်းကျေးရွာအနေဖြင့် စီမံကိန်းပထမနှစ်တွင် စာသင်ကျောင်းမျက်နှာကျက် တပ်ဆင်ခြင်း လုပ်ငန်းခွဲကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။စီမံကိန်းဒုတိယနှစ်တွင် တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းခွဲကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။စီမံကိန်းတတိယနှစ်တွင် အုပ်စု ထောက်ပံ့ငွေ လိုအပ်ချက်အရ ကျေးရွာများ အလှည့်ကျ အကောင်အထည်ဖော် ဆောင်ရွက် သွားမည် ဖြစ်သောကြောင့်တောင်ခြေရင်း ကျေးရွာအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု မရှိသော်လည် ကျေးရွာ၏ပထမဦးစားပေး အနေဖြင့် ရွာတွင်းတံတားပြုပြင်ခြင်း ၊ဒုတိယဦးစားပေးအနေဖြင့် ရွာတွင်းလမ်းပြုပြင်ခြင်း၊တတိယဦးစားပေးအနေဖြင့် ဆိုလာလမ်းမီးတပ်ဆင်ခြင်း ၊မူကြိုကျောင်းနှင့် စာကြည့်တိုက် အစရှိသည့် စီမံကိန်းလုပ်ငန်းခွဲများကို ကျေးရွာလူထုမှ ဦးစားပေးအလိုက် ရွေးချယ်ဆုံးဖြတ်ခဲ့ကြပါသည်။

## ၇။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်



## ဆွေးနွေးခြင်း

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ကျေးရွာပြင်ပတွင်ရှိသည့် အဖွဲ့အစည်းများနှင့် ကျေးရွာလူထု ချိတ်ဆက် ဆောင်ရွက် နေမှုအနေအထား ကို ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်


### ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ

ကျေးရွာလူထုနှင့်အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာအုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မီးသတ်အဖွဲ့၊အမျိုးသားအဖွဲ့၊အမျိုးသမီးများအဖွဲ့၊ ဂေါပကအဖွဲ့‌‌‌ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးမီးလင်းရေးကော်မတီများရှိကြပြီး ကျေးရွာ သာရေး၊ နာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာအကျိုးပြုလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

### ကျေးရွာပြင်ပအဖွဲ့အစည်းများ

တောင်ခြေရင်းကျေးရွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊ မွေးမြူရေး၊စိုက်ပျိုးရေး ၊မြေစာရင်း၊ သမ၊ စိုက်ဘဏ်၊ လ.ဝ.က၊ လျှပ်စစ်ဌာနများနှင့် မြို့နယ်ရဲတပ်ဖွဲ့ လိုအပ်သလို ချိတ်ဆက်ဆောင်ရွက် မှုများ ရှိပါသည်။

## ၈။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

အမျိုးသား၊အမျိုးသမီးများ ကျေးရွာတွင် တန်းတူညီမျှမှုရှိ/မရှိ သိရှိစေနိုင်ရန် ပူးပေါင်းပါဝင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ခေါင်းဆောင်မှု၊ ဝင်ငွေ၊အိမ်မှုကိစ္စဆောင်ရွက်မှု၊ပညာရေးလက်လှမ်းမှီမှု၊ ဆုံးဖြတ်ချက် ချနိုင်မှု(ရပ်ရေးရွာရေး)၊ဝင်ငွေအပေါ် စီမံခန့်ခွဲမှု အစရှိသည့်ခေါင်းစဉ်ရှစ်မျိုးဖြင့် ကျား၊မ သီးသန့် အုပ်စုခွဲကာ ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်

တောင်ခြေရင်းကျေးရွာတွင် ရပ်ရေးရွာရေးတွင်ပူးပေါင်းပါဝင်မှု မှာ အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူပါဝင်နေကြောင်းတွေ့ရှိရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင်အမျိုးသားများကပိုမိုနေပြီး စိုက်ပျိုးရာသီ ပြီးချိန်အမျိုးသားများက မြို့နယ်ပြင်ပ သို့သွား ရောက်လုပ်ကိုင်နေကြ၍ဖြစ်ပါသည်။ အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့်(၅)အထိ ရောက်ရှိနေပြီး အမျိုးသားများ သာဝင်ငွေပိုရရှိနေသည့်အနေအထားတွေ့ရပါသည်။ အမျိုးသားများက အပြင်ထွက်စီးပွား ရှာနေချိန်တွင် အမျိုးသမီးများက အိမ်မှုကိစ္စ၊ သားသမီးကိစ္စများ ဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏ ဝင်ငွေနှင်အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။ အရင်းအမြစ် အပေါ် အမှီပြု၍ အသက်မွေးဝမ်းကြောင်းပြုနိုင်မှုမှာ ကွာဟချက်မရှိပါ။ အကြောင်းမှာတောတောင်များထဲတွင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ အတူတကွ လုပ်ကိုင်ကြသောကြောင့်ဖြစ်သည် တောင်ခြေရင်းကျေးရွာ အနေဖြင့်ပညာသင်ကြားခွင့်နှင့်ပညာတတ်မြောက်မှုတွင် အမျိုးသမီးများက အခွင့်အရေးပိုများနေသည် ကိုတွေ့ရပါသည်။အမျိုးသားများအနေဖြင့်ကျေးရွာပြင်ပထွက်၍ အလုပ်လုပ် ကိုင်ကြခြင်းကြောင့် ပညာရေး လက်လှမ်းမမှီသည့်အနေအထားရှိပါသည်။ရပ်ရေးရွာရေး ကိစ္စများတွင်အရေးပါမှုနှင့် ဆုံဖြတ်ချက်ချ သည့်နေရာများတွင် အမျိုးသမီးများ၏ အဆင့်နေရာသည် များစွာကွာဟမှု ရှိနေပြီးတန်း တူမှုမရရှိသေးပါ။ တောင်ခြေရင်းရွာမှ အမျိုးသမီးများအားနေရာပေးမှုမှာ အစဉ်အလာအရ အမျိုးသားများက နေရာ ယူထားပြီး အမျိုးသမီးများကလည်းနေရာယူတတ်ရန် နှင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်နေ ပါသေး သည်။အမျိုးသားနှင့်အမျိုးသမီးများတွင် အမျိုးသမီးများက ပိုမိုဆောင်ရွက် နေကြရ ပါသည်။ အမျိုးသမီးများက အိမ်မှုကိစ္စ ဆောင်ရွက် နေရသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း၊ ဝင်ငွေနည်းပါကြပါသည်။ တောင်ခြေရင်းရွာမှ အမျိုးသား များအနေဖြင့် အိမ်မှုကိစ္စများတွင် ပိုင်းကူလုပ်ပေး ရန်လိုအပ်ပါသည်။

၉။ကျားမရေးရာ ခွဲခြမ်းစိတ်ဖြာခြင်း




**ဆွေးနွေးချက်**

ကျား၊မရေးရာကဏ္ဍ ပိုမိုပေါ်လွင်စေရန်နှင့် ကျား-မတန်းတူညီမျှမှုရှိ/မရှိ သိရှိနိုင်ရန်အတွက် အရင်းအမြစ်များ ကို အများဆုံးအသုံးပြုမှုနှင့် ထိန်းချုပ်မှုအကြောင်းအရာများကိုဆွေးနွေးခဲ့ပါသည်။

**သုံးသပ်ချက်**

အရင်းအမြစ်များကို အသုံးပြုမှုနှင့် ထိန်းချုပ်မှုတို့တွင် အမျိုးသားများအနေဖြင့် ခွန်အားကို အသုံးပြုပြီးလုပ်ကိုင်ရသော အရင်းအမြစ်များကို ပိုမိုအသုံးပြုမှုနှင့် ထိန်းချုပ်မှုများရှိပါသည်။အမျိုးသမီးများ အနေဖြင့် အရင်းအမြစ်များကို အသုံးပြုမှုနှင့် ထိန်းချုပ်မှုတို့တွင် အမျိုးသားများနည်းတူ မရှိသော်လည်း ကျား၊မ သီးခြား အသုံးပြုရမည်၊ထိန်းချုပ်ရမည်ဟူ၍ ခွဲခြားသတ်မှတ်ထားသည့် အရာများ ကျေးရွာတွင် မရှိသည်ကို တွေ့ရပါသည်။

## ၁၀။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးခြင်း

ကျေးရွာ၏ အနာဂါတ်မြေပုံတွင် ကျေးရွာလူထုမှ နောင်တွင်မျှော်မှန်းထားသော အရင်းအမြစ်များ နှင့် ဝန်ဆောင်မှုများ ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်

ရွာချင်းဆက်လမ်းများပေါ်ရှိ တံတားအသစ် ၂စင်း တည်ဆောက်ခြင်းကြောင့် ရာသီမရွေး သွားလာနိုင်မည်။ ကျေးရွာတွင်းရှိ လမ်းများကို ပြုပြင်ဆောင်ရွက်ခြင်း၊ ရေမြောင်းများတူးဖေါ်မည်။ ဗဟုသုတရရှိစေသော စာအုပ်များ ပြည့်စုံလုံလောက်စွာရှိသော စာကြည့်တိုက်တစ်လုံးရှိမည် ဖြစ်သည်။ ကျန်းမာရေးဆေးပေးခန်း တည်ရှိချင်ပါသည်။လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ခြင်းကြောင့် သွားလာမှု လွယ်ကူလာ၍ ပညာရေးဗဟုသုတများ ပြည့်စုံခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်လာ အောင်ဆောင် ရွက်နိုင်ခြင်း ၊ ကျန်းမာရေး နှင့်သက်ဆိုင်သော အသိအမြင်ကျယ်လာ၍ လူနေထိုင်မှုစနစ်များ တိုးတက် လာမည်။ဆိုလာမီးများ ရလာ၍ လျှပ်စစ်မီး ရရှိပြီး ကျေးရွာတွင် ကလေးများ ပညာရေး တိုးတက် လာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းမှတ်တမ်းဓါတ်ပုံ



ကျေးရွာကော်မတီဝင်များ မှတ်တမ်းဓါတ်ပုံ



ပထမနှစ် မျက်နှာကျက်တပ်ဆင်ခြင်း လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



ဒုတိယနှစ် ရွာချင်းဆက်တံတား လုပ်ငန်းခွဲ၏ ဆောင်ရွက်ဆဲ မှတ်တမ်းဓါတ်ပုံ



ဒုတိယနှစ် ရွာချင်းဆက်တံတား ၂ ဆောင်ရွက်ဆဲလုပ်ငန်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဂင်းဌေး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်မြင့်မြင့်ကြည် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးအောင်ဂင်းနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဒေါ်မမိုး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးဂင်းပို | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးပွဲမောင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဒေါ်မပု | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်သိန်းဆွေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးပေါ်အောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ဥက္ကဌ |
| ၁၀ | ဒေါ်မန | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ဂင်းန | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးသန်းဌေး | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးဂင်းဇော် | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဒေါ်လှဌေး | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးသာအုပ် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ချိုနိုင် | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက်  ကျား-(၈) ယောက် +မ(၈) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးဂင်းဌေး  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဂင်

ဒေါ်မြင့်မြင့်ကြည်  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဂင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးသောင်းထွန်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၈ /၂/ ၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး ကျော်ဝေ | | ဦး သောင်းဝင်း |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| စစ်ကိုင်း၊ | ပင်လည်ဘူး၊ | မော်ဘါ၊ | တောင်ခြေရွာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၄ | ဘာသာ (၁) ဗုဒ္ဓ | |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၁ | ၆၉ |
| လူမျိုးစု (၁) ဗမာ | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(သ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　(မြေသားလမ်း)　လူသွားလမ်း　အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　မိုင်-၃ ၁/၂--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၂၀၊၂၅ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၃၀၊၃၅ မိနစ်------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ　☐ ရှိပါသည်　ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------------------

(၂) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။


☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးကျော်ဝေ

လက်မှတ် — နေ့စွဲ 7.2.2017

လူထုစည်းရုံးရေးမှူး — အမည် ဦးအောင်ထွန်း

## ၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား



ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသောင်းထွန်

နေ့စွဲ ၆.၂.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု မော်ဂါ | ကျေးရွာ တောင်ဒဲဂိုင်း

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 7.2.2017 | 7.2.2017 | 14 | 8 | 22 | 22 \| ကနီ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 8.2.2017 | 8.2.2017 | 12 | 9 | 21 | 21 \| ကနီ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 9.2.2017 | 9.2.2017 | 15 | 7 | 22 | 22 \| ကနီ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | - |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ပယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | – – |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – – |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသောင်းထွန်း

နေ့စွဲ ၈.၂.၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄)

| ပြည်နယ်/တိုင်း စစ်ကိုင်း | ယင်းမာပင်မြို့နယ် | ကျေးရွာအုပ်စု ပေါက်ပင် | ကျေးရွာ တောင်ခြေရင်း |
|---|---|---|---|

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေတွင်းလမ်း | ၁ | မူကြိုကျောင်း |
| ၂ | ရေတွင်းတံတား | ၂ | ဆိုလာလမ်းမီး |
| ၃ | မူကြိုကျောင်း | ၃ | စာကြည့်တိုက် |
| ၄ | စာကြည့်တိုက် | ၄ | ရေတွင်းတံတား |
| ၅ | ဆိုလာလမ်းမီး | ၅ | ရေတွင်းလမ်း |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရေတွင်းလမ်းဖြစ်ပြီး | ၁ | မူကြိုကျောင်းဆောက်လုပ်ပြီး |
| ၂ | ရေတွင်းတံတား တည်ဆောက်ပြီး | ၂ | ဆိုလာလမ်းမီး တပ်ဆင်ပြီး |
| ၃ | မူကြိုကျောင်း ဆောက်လုပ်ပြီး | ၃ | စာကြည့်တိုက်ဆောက်လုပ်ပြီး |
| ၄ | စာကြည့်တိုက်ဆောက်ပြီး | ၄ | ရေတွင်းတံတား ဆောက်ပြီး |
| ၅ | ဆိုလာလမ်းမီး ဆောက်ပြီး | ၅ | ရေတွင်းလမ်း ဖောက်လုပ်ပြီး |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းဝါးတံတား | က + မ | ၅၀၀၀၀၀၀ | |
| ၂ | ရွာတွင်းလမ်း | က + မ | ၆၅၀၀၀၀၀ | |
| ၃ | ဆိုလာမီး | က + မ | ၅၀၀၀၀၀၀ | |
| ၄ | မူကြိုကျောင်း | မ | ၃၀၀၀၀၀၀ | |
| ၅ | စာကြည့်တိုက် | မ | ၆၀၀၀၀၀၀ | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးအတွက်ဆည်တမံ | က + မ | |
| ၂ | မွေးမြူရေးနည်းပညာ | မ | |
| ၃ | စိုက်ပျိုးရေးနည်းပညာ | က | |
| ၄ | [illegible] | မ | |
| ၅ | | | |
| | | | |
| | | | |
| | | | |
| | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးဝင်းမြင့်--- လက်မှတ် ---[signature]--- နေ့စွဲ---၈-၂-၂၀၁၇---

## ၁၂။ ပုံစံ စ-၄။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်၊** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် [illegible]

နေ့စွဲ 9.2.2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | အလျား-710' | | ☐ ကျား<br>☑ မ<br>☐ ကျား+မ | 10617730 | | - | - | |
| [illegible] | [illegible] | L-182'<br>B-6'<br>H-9'' | | ☑ ကျား<br>☑ မ<br>☐ ကျား+မ | 10680050 | | - | - | |
| [illegible] | [illegible] | L-275'<br>B-10'<br>9'' | | ☑ ကျား<br>☑ မ<br>☐ ကျား+မ | | | - | - | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+မ | | | - | - | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+မ | | | - | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည်   လက်မှတ်   ရက်စွဲ

## ၁၃။ အစည်းအဝေး မှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်p

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ..........ဖောင်ခြေဒိုင်း..........

ကျေးရွာအုပ်စု ..........ဆယ်ကြီး..........

အစည်းအဝေးပြုလုပ်သည့်နေရာ ..........ဘုန်းကြီးကျောင်းဇရပ်..........

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ..........၇-၂-၂၀၁၇..........

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ..........စီမံကိန်းဆိုင်ရာ အစည်းအဝေး..........

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၁၄ )ဦး၊ မ( ၈ )ဦး=( ၂၂ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ဆော်ဗိုးကုန်းရွာအုပ်စု၊ ဖောင်ခြေဒိုင်း

ကျေးရွာတွင်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လူထုဗဟိုပြုစီမံကိန်း

ကော်မတီမှ စီမံကိန်းဆိုင်ရာအစည်းအဝေးကို ဖောင်ခြေဒိုင်း ကျေးရွာ ဘုန်း

ကြီးကျောင်းဇရပ်တွင် (၇.၂.၂၀၁၇) ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် စတင်ကျင်း

ပပါသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးချုပ်ရွာခွဲခေါင်း ဆောင်ရွက်မှုအခြေအနေကို

ပြောကြားပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြင့်မှ စီမံကိန်းဆိုင်ရာ

အတက်အစည်း ကျော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မည့်အ

ကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်သော

ရာသီဥတုဖောက်ပြန်ခြင်းသဘောတရား၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ

ကို နားလည်စေခြင်း ဖြစ်ပါသည်။ ထို့နောက် ကလေးများက ဆွဲပြီး တို့တက်မှုကို သိသော ကလေးများ

သည် မိမိတို့ ကလေးများ ရပ်ရွာတွင်း၌ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုနည်း၊ ဝင်ငွေရှာဖွေမှု

များကို နားလည်၍ ရေးဆွဲရေး အခြေပြမြေပုံကို ဝိုင်းဝန်း၍ ရေးဆွဲခဲ့ကြပါသည်။

ထို့နောက် ကလေးများ ရွာတွင်း၌ ရွာသူ/သားများ ကြုံတွေ့ခဲ့ကြသော သဘာဝ

ဘေးအန္တရာယ်များ ဖြစ်ကြသော လေပြင်းမုန်တိုင်း၊ ချောင်း၊ မြောင်းများကို သိသောအပေါ်တွင်

ဘေးအန္တရာယ်အခြေပြမြေပုံများကို ဝိုင်းဝန်း၍ ဆွဲကြပြီး နောက် (၄) အုပ်စုအတွင်း၌

တောင်ကြီးသည့် လုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုများကို အကျွမ်းဝင်ဖြင့် ဖော်ထုတ်၍

ရေးဆွဲကြပါသည်။ ထို့နောက် အမျိုးသမီး၊ အမျိုးသားများ၏ လုပ်ကိုင်နိုင်စွမ်း ဝန်ဆောင်

ကျန်းမာမှု၊ အဟာရ ပြည့်မှု၊ လုပ်ကိုင်နိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်း၊ ဝင်ငွေရှာဖွေမှု၊ ပညာသင်ကြား

နိုင်မှု၊ အရင်းအမြစ်ရယူ အသုံးချနိုင်မှု၊ ပူးပေါင်းပါဝင်မှု၊ ခေါင်းဆောင်နိုင်မှု

အခြေအနေများကို မည်ကဲ့သို့ ခံစားရသည့် သုံးသပ်ချက်ဖြင့် ဆွေးနွေး၍ ရေးဆွဲကြပါသည်။

ထို့နောက် ရွာသူ/သားများ လာရောက်ကြုံတွေ့ခဲ့သော ရာသီဥတုအခြေအနေ ကိုသိသော

ပေါ်လွင်စေရန် ... ၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လုပ်ငန်း

ရှာဖွေမှု စသော အချက်အလက်များကို ... နှိုင်းယှဉ်ပြသနိုင်ရန် အသုံးပြု၍

ထုတ်ကြပါသည်။

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ............တောင့်မြေရင်း
ကျေးရွာအုပ်စု ............ဖော်ခါး
အစည်းအဝေးပြုလုပ်သည့်နေရာ ............ဘုန်းကြီးကျောင်းဇရပ်
အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............၈.၂.၂၀၁၇
အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ......ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းရန်နှင့်
............ကျေးရွာစီမံချက်ရေးဆွဲခြင်း

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၁၂ )ဦး၊ မ( ၉ )ဦး=( ၂၁ )ဦး
ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၊ ဖော်ခါးအုပ်စုတွင် ကျေးလက်ဒေသဖွံ့
ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်း
အတွက် ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေး
ဆွဲခြင်း အစည်းအဝေးကို (၈.၂.၂၀၁၇) ရက်နေ့ နံနက် (၁၀) နာရီတွင် စတင်ကျင်းပ
ပါသည်။ အစည်းအဝေးတွင် အမျိုးသား (၁၂) ဦး၊ အမျိုးသမီး (၉) ဦး တက်ရောက်
ပါသည်။ ပထမဦးစွာ လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြင့်ရီမှ ကော်မတီဖွဲ့စည်းရာ
တွင် လူမှုရေးရာဖြင့် ရှိရန်အတွက် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်း
ပြောကြားပါသည်။ ထို့နောက် ကျေးရွာသူ/သားများသည် ကော်မတီရွေးချယ်ရန်အ
တွက် သင့်တော်သည့် ပုဂ္ဂိုလ်များကို ဆွေးနွေးတိုင်ပင်ပြီး ရွေးထုတ်ကြပါသည်
ထို့နောက် ရွေးထုတ်ခဲ့သော ကိုယ်စားလှယ်များကို အများဆန္ဒဖြင့် သဘောတူခဲ့

ကော်မတီအသင်းဝင်များတွင် တာဝန်ပေးအပ်ခဲ့ပါသည်။ ထို့နောက်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များရေး
ဆွဲရန်အတွက် လိုအပ်သောလုပ်ငန်းအခက်အခဲများကို ဖော်ထုတ်ရာတွင် လိုအပ်ချက်နှင့် လိုချင်
သောအရာများ တို့ ခွဲခြားပြီး သိသာထင်ရှားစွာ ရွေးချယ်ဖော်ထုတ်နိုင်ရန်အတွက်
လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြင့်ရီမှ ရှင်းလင်းပြောကြားပါသည်။ ထို့နောက်တက်ရောက်
လာကြသော ရပ်မိ၊ ရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ လူငယ်
အုပ်စုများ တို့အား ပြန်လည်အကြံပြုဆွေးနွေး တိုင်ပင်ကြပါသည်။ ထို့သို့ဆွေးနွေးပြီးနောက်
ထွက်လာသော ဆန္ဒအမှန်ဖြင့် ထွက်လာစေရန်အတွက် အမျိုးသား တစ်ဝိုင်း၊ အမျိုးသမီး
တစ်ဝိုင်း၊ အဖွဲ့ ၃ ဖွဲ့ ခွဲ၍ မိမိတို့ ၏ လိုအပ်ချက်များ တို့အား ဆန္ဒဖြင့် ရွေးထုတ်ကြပါသည်
ထိုအဖွဲ့ ၃ ဖွဲ့ မှ ထွက်ရှိလာသော အခက်အခဲလိုအပ်ချက်များ အပေါ်တွင် ဦးစားပေး
လုပ်ငန်းများ ရွေးချယ်ရာတွင် Marix Rinking ဖြင့် အသုံးပြု၍ အများဆန္ဒဖြင့်
ရွေးထုတ်ပြီး ပထမဦးစားပေးလုပ်ငန်းများ ရွေးချယ်ပြီး ည ၆ နာ [illegible] အချိန်တွင်
အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဦး[illegible]

# ၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်
အနှစ်ချုပ်

[illegible]

မူရင်းသည် VPSC တွင်ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။
MIS data အနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | စာကြည့်တိုက် | ☐ ကျား ☑ မ | | |
| | ၂ | ရွာတွင်းလမ်း | ☑ ကျား ☑ မ | | |
| | ၃ | ရွာတွင်းလမ်း မြှင့်တင် | ☐ ကျား ☐ မ | | |
| | ၄ | [illegible] | ☐ ကျား ☐ မ | | |
| | ၅ | [illegible] | ☐ ကျား ☐ မ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေး နည်းပညာ | ☑ ကျား ☑ မ | | |
| | ၂ | မွေးမြူရေး နည်းပညာ | ☑ ကျား ☑ မ | | |
| | ၃ | စိုက်ပျိုးရေး [illegible] | ☑ ကျား ☐ မ | | |
| | ၄ | [illegible] ပညာ | ☐ ကျား ☑ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | | ☐ ကျား ☐ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ပညာရေး | ၁ | မူကြိုကျောင်း | ☐ ကျား ☑ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| အခြား | ၁ | [illegible] | ☑ ကျား ☑ မ | | |
| | ၂ | [illegible] | ☑ ကျား ☑ မ | | |
| | ၃ | ဆိုလာမီး | ☑ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |